**DeKalb County School District**

Mrs. Deirdre P. Pierce ၊ ဥက္ကဋ္ဌ
Ms. Allyson Gevertz ၊ ဒုဥက္ကဋ္ဌ
Mr. Andrew B. Ziffer
Mrs. Whitney McGinniss
Dr. Tiffany Tate-Hogan
Mr. Diijon DaCosta, Sr.
Mr. Awet Eyasu

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

ဇန်နဝါရီလ 16 ရက်၊ 2025

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

## DeKalb ကောင်တီ ပညာရေးဘုတ်အဖွဲ့သည် ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌ အသစ်တို့အား ရွေးချယ်ခဲ့ပြီး၊ အသစ်ခန့်အပ်ထားသော ဘုတ်အဖွဲ့ဝင်များအား ကြိုဆိုလက်ခံခဲ့

(STONE MOUNTAIN, GA)– ဇန်နဝါရီလ 13ရက်တွင် ဆောင်ရွက်ခဲ့သော ၎င်း၏ ဘုတ်အဖွဲ့ ပုံမှန် တွေ့ဆုံဆွေးနွေးပွဲအတောအတွင်း DeKalb ကောင်တီပညာရေးဘုတ်အဖွဲ့ (*DCBOE*) သည် 2025 ခုနှစ်အတွက် Mrs. Deirdre P. Pierce (ခရိုင် 3) အား ဘုတ်အဖွဲ့ ဥက္ကဋ္ဌအသစ်အနေနှင့်သော်လည်းကောင်း၊ Ms. Allyson Gevertz (ခရိုင်အား 4) ဒုဥက္ကဋ္ဌအနေနှင့်သော်လည်းကောင်း ကန့်ကွက်မဲမရှိ ရွေးချယ်ခဲ့သည်။

"ဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ဖို့အတွက် ကျွန်မကို ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေအပါအဝင် အသစ်ခန့်အပ်ထားတဲ့ လုပ်ဖော်ကိုင်ဖက်အသစ်တွေကပါ ကန့်ကွက်မဲမရှိ မဲပေးရွေးချယ်ခဲ့ကြတဲ့အပေါ် ကျွန်မ အရမ်းကို အံ့သြဝမ်းသာ၊ ဂုဏ်ယူမိပါတယ်၊" ဟု Mrs. Pierce မှ ပြောကြားခဲ့သည်။ "ထို့အတူပဲ ခရိုင် 3 က ကျွန်မရဲ့ မဲဆန္ဒရှင်တွေထံက မဲပေးမှုကို ရရှိခဲ့တဲ့အပေါ်မှာလည်း တကယ်ကို ကျေးဇူးတင်မိပြီး၊ ပြောရမယ်ဆိုရင် အဲ့ဒီမှာ တာဝန်ထမ်းဆောင်ခဲ့ရတာဟာ ကျွန်မ တာဝန်ယူခဲ့ဖူးသမျှ ခေါင်းဆောင်ပိုင်း အမှုဆောင် အလုပ်တွေထဲက အကောင်းဆုံး အလုပ်တာဝန်တစ်ခုလို့ ဆိုရမှာပါ။"

Mrs. Pierce သည် အသစ် ရွေးချယ်ခံရသော ဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဖြစ်လာသည့် ဤနောက်ဆုံး ခေါင်းဆောင်မှုအပိုင်း ရာထူးကဏ္ဍသို့ ရောက်ရှိလာချိန်အထိ သူမ၏ သက်မွေးဝမ်းကြောင်း လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ဆင်ခြင်ဝေမျှခဲ့သည်။

"အထက်လူကြီး ယခင် ဥက္ကဋ္ဌ Diijon DaCosta, Sr. နဲ့ ခေါင်းဆောင်မှုအပိုင်းမှာ ကျွန်မတို့ ၂နှစ်တာ 'ပထမဆုံး' အတူတကွ တာဝန်ထမ်းဆောင်ချိန်အတောအတွင်းမှာဆိုရင် အတွေ့အကြုံတွေ အများကြီး ရရှိဖို့ အခွင့်အလမ်း ရရှိခဲ့ပါတယ်၊ ပြီးတော့ ကျွန်မရဲ့ ဒုဥက္ကဋ္ဌ Allyson Gevertz ၊ အခြားသော လုပ်ဖော်ကိုင်ဖက်များ၊ ကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton နဲ့ ကျွန်မတို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ခရိုင်ထဲက အလွန်တန်ဖိုးထားရတဲ့ ဝန်ထမ်းတွေ အားလုံးနဲ့အတူ ဒီအံ့သြစိတ်လှုပ်ရှားဖို့ကောင်းတဲ့ ခရီးစဉ်မှာ ဆက်လက် ချီတက်သွားနိုင်ဖို့ကိုလည်း မျှော်လင့်မိပါတယ်။"

အလားတူပင် Ms. Gevertz မှလည်း သူမ၏ ဂုဏ်သရေရှိ လုပ်ဖော်ကိုင်ဖက်များထံမှ ယုံကြည်စွာ မဲပေးမှုကို ရရှိသည်နှင့်ပတ်သက်၍ ဂုဏ်ယူမိကြောင်းကို ထုတ်ဖော်ဖွင့်ဟခဲ့သည်။

"ကျွန်မတို့ကို ယုံကြည်စွာနဲ့ ဦးဆောင်ဦးစီးမှုပြုစေတဲ့ ကျွန်မတို့ရဲ့ ပညာရေးဘုတ်အဖွဲ့ကို ကျေးဇူးတင်ပါတယ်၊" ဟု Ms. Gevertz မှ ဆိုသည်။ "ကျွန်မတို့မှာဆိုရင် အသစ်ခန့်အပ်ထားတဲ့ ဘုတ်အဖွဲ့ဝင်တွေနဲ့အတူ ရာထူးတာဝန်ပြန်လည်ထမ်းဆောင်ကြတဲ့ ဘုတ်အဖွဲ့ဝင်ဟောင်းတွေသာမက ထူးချွန်တဲ့ ကြီးကြပ်သူဌာနမှူးပါ ရှိတဲ့အပြင် ကျောင်းသားတွေရဲ့ အကျိုး မျှော်ကိုးပြီး ခိုင်မာစွာ နစ်မြှုပ်အားထုတ်လိုစိတ်လည်း ရှိကြပါတယ်။ ကျွန်မတို့ဟာဆိုရင် 2025 အတွက် အသင့်ဖြစ်နေပါပြီ။"

Ms. Gevertz မှ သူမ၏ လုပ်ဖော်ကိုင်ဖက်နှင့် မိတ်ဆွေများတို့နှင့်အတူ အနီးကပ် လက်တွဲလုပ်ဆောင်မှုနှင့်ပတ်သက်ပြီး သူမ၏ ကိုယ်တွေ့ အတွေ့အကြုံအား ဟာသနှော၍ မျှဝေခဲ့ပါသေးသည်။

"ကျွန်မက Mrs. Pierce နဲ့အတူ ပညာရေးအကြံပေး ကဏ္ဍတွေ တော်တော်များများမှာ နှစ်ပေါင်း 20 နီးပါးလောက် အတူ လုပ်ကိုင်ခဲ့ဖူးပါတယ်၊ ပြီးတော့ ကျွန်မက သူမရဲ့ စစ်မှန်ဖြောင့်မတ်မှုနဲ့ လုပ်ငန်းကျွမ်းကျင်သူ ပီသစွာ လုပ်ဆောင်နိုင်မှုတွေအပေါ် အမြဲ လေးစားခဲ့ရသူပါ။ ဒုဥက္ကဋ္ဌအနေနဲ့ သူ့ရဲ့ နံပါတ်တစ် ပံ့ပိုးထောက်ပံ့သူ ဖြစ်လာတဲ့အပေါ်မှာလည်း တကယ်ကို ဂုဏ်ယူမိပါတယ်။"

Mrs. Pierce မှမူ 2025 ခုနှစ်တွင် ဘုတ်အဖွဲ့အနေနှင့် အမျှော်အမြင်ရှိ၍ အထွက်ရလဒ်ကောင်းမွန်စွာ လုပ်ဆောင်နိုင်သော ဘုတ်အဖွဲ့ ဖြစ်စေရန် ကတိကဝတ်ပြုပေးနိုင်သည့်အရာများကို ဆင်မြင့်ပေါ်တွင် မျှဝေပြောကြားခဲ့သည်။

"အမြဲဆိုသလို ရဲဘော်ရဲဘက်စိတ် အပြည့်ရှိတဲ့ ဒီဘုတ်အဖွဲ့ဟာဆိုရင် ဆက်လက်ပြီးလည်း ကောင်းမွန်စွာ ကိုယ်စားပြုပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပြီး၊ ကျွန်မတို့ရဲ့ DeKalb ကောင်တီကျောင်းခရိုင်ကို အရည်အသွေးမြင့်မားတဲ့ အောင်မြင်မှုတွေ ဆက်လက် ထိန်းသိမ်းနိုင်စေဖို့ လိုအပ်တဲ့အရာမှန်သမျှကို ဆက်လက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။"

အင်္ဂါနေ့၊ ဇန်နဝါရီလ 7 ရက်နေ့တွင် DCBOE အဖွဲ့ဝင် လေးဦးသည် ၎င်းတို့၏ ကျမ်းသစ္စာအား ကျိန်ဆို၍ လေးနှစ်တာ သက်တမ်းအား စတင်တာဝန်ထမ်းဆောင်ခဲ့သည် - Mrs. Pierce ၊ Mr. Andrew B. Ziffer (ခရိုင် 1) ၊ Dr. Tiffany Tate-Hogan (ခရိုင် 5) နှင့် Mr. Awet Eyasu (ခရိုင် 7)။

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမှ ရုပ်ပုံများအား ဤတွင် ကြည့်ရှုပါ။ BOE ကနဦးရုံးထိုင် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား ဗီဒီယိုလင့်ခ်အား ဤတွင်ကြည့်ရှုပါ။

XXX

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200 | www.dekalbschoolsga.org